သည် ငါတို့၏ဝါဒ၌ ရွဲရွဲဆမ်းလမ်း ယုံကြည်မှုကြောင့်၎င်း။ ငါတို့၏ အသည်းတွေမှာ အခဲမကျေနိုင် လောက်အောင် နှမ်းတွေနှုန်းတွေ အလူးလူး အခွေ့ခွေ့ တွေ့ကြုံ ခံစားလိုက်ရခြင်းကြောင့်၎င်း။ ဖက်ဆစ်ဝါဒသည် လွတ်လပ်ရေး ငြိမ်းချမ်းရေး ကြီးပွားရေးတို့၏ရန်သူကြီးဟူ၍ ရန်းတည်းဆက်ဆုတ် ရှု ရှုသည်သာမက။ ငါတို့သည် လွတ်လပ်သော ကမ္ဘာမြေတွင် လွတ်လပ်သော မြန်မာပြည် တည်ထောင်လိုသော အာသာဆန္ဒရှိခြင်းကြောင့်ဖြစ်ပေသည်။

ထို့ဖြစ်ရကား။ ကမ္ဘာလောကတွင် ဂျပန် ဖက်ဆစ်လျှောကျမျက်စီးသည့်တိုင်အောင် {ဝါ} ကျူပင်ရုတ် ကျူရုတ်မကျန်သည့်တိုင်အောင်။ ဤစစ်တွင်ငါတို့သည် အစွမ်းကုန်အားဖြည့်ကြမည်။ ငါတို့၏ လက်နက်ကိုင် တပ်သားများသည်။ ငါတို့မြန်မာပြည်တွင် ရှိသော လိုအပ်သော ဖြင်ဆင်မှုကို ပြုလုပ်ပြီးသည့်နောက်။ မြန်မာပြည်ပတွင်သည်း ဖက်ဆစ်ဂျပန်ကို ခြေမှုန်းပြီးသည့်တိုင်အောင် ဆက်လက်တိုက်ခိုက်ကြမည်။ လက်နက်ကိုင် တပ်သားများ၏ရှေ့တွင် တပ်မတော်တွင် အမြဲအမှုထမ်းနေကြသော သာမည်လို။ ၎င်းတို့နှင့် ချန်းချင်းယှဉ်၍ သင်တွန်းပြီး ပစ်၍ တိုက်ခိုက်ကြသော ပြောက်ကျားတပ်ဖွဲ့များသည် ငါတို့၏အင်အားပင်တည်း။ ။ငါတို့၏လက်နက်ကိုင် တပ်သားများသည်။ မဟာမိတ်တပ်များနှင့် နှစ်ကိုယ့် တစိတ် သဘောထား

လူတွေ၊ ညီညွတ်စွာနှင့်လုပ်တတ်မယ်၊ လုပ်မယ်ဆိုရင်အေး
အေးဆေးဆေးနှင့် ပြီးမြောက်နိုင်မယ်လို့ ကျွန်တော် ယုံ
ကြည်တယ်၊ ကျွန်တော်ခေါင်းဆောင်နေတဲ့ တပ်မတော်က
လဲယုံကြည်တယ်၊ ဒါ့ကြောင့်တိုင်းပြည်မှာညီညွတ်ရေးဟာ
အခုအဓိကလုပ်ငန်းဘဲ၊ ညီညွတ်ရေးဆိုပေမဲ့-တိုင်းပြည်
လွတ်လပ်ရေးနှင့် ထူထောင်ရေးကို အထက်ပါအခြေခံအ
ချက်တွေအရဆောင်ရွက်ခဲ့ညီညွတ်ရေးမျိုးကိုသာ ဆိုလိုပါ
တယ်၊ ရာထူးဂုဏ်စားရုံသာဖြစ်တဲ့ ညီညွတ်ရေးမျိုး၊ ရွေး
ကောက်ပွဲရပြီး ငြမ်းဆင်ထောက်ရုံလောက်တတ်နိုင်သောညီ
ညွတ်ရေးမျိုးဆိုရင်တော့ဘယ်နည်းနှင့်မှဖြစ်မှာမဟုတ်ဘူး
ကျွန်တော်တို့အတွက် ပြောရရင်-အရင်ပထမ လူကြီးများအ
စည်းအဝေးမှာပြောခဲ့သလို ကျွန်တော်တို့ဟာ တိုင်းပြည်ရဲ့
ခေါင်းဆောင်မှုကိုရင်း၊ ရေပူးရှာနဲ့ ... ကိုစွချွေးမှုရင်း၊ ကျွန်
တော်တို့မှုပိုင်ရေစဉ်ရှိလုပ်မထားဘူးဆိုဒါ တိတိလင်းလင်း
သိစေချင်ပါတယ် နေရာကျွန်တော်တို့ဆိုရင်-တပ်မတော် တ
ခုလုံးက ပြည်သူ့လွတ်လပ်ရေး အမှုချုပ်ကြီး အကြောင်းမှာ
တနိုင်ငံလုံးညီညွတ်စွာ လွတ်လပ်ရေးရအောင်လုပ်ဖို့ တာ
ဝန်ပေးလိုက်တယ်၊ ဒီလိုတာဝန်ပေးလိုက်တာဟာ ဘာပြု
လို့လဲဆိုရင်-တပ်မတော်သားတွေဟာဂျပန်လက်ထက်က
လဲ အမျိုးမျိုးဆင်းရဲခဲ့တယ်။ အခုဆိုရင်လဲ လခကြွားမှမ
ရသေးဘဲနှင့် အဆင်းရဲပင်ပန်းတွေ အမျိုးမျိုးခံပြီး-အာ
သက်ကိုရင်းနှီးတိုက်ခဲ့ကြတယ်၊ ဒါဖြင့်ဒီလိုတိုက်ခဲ့ပြီးတော့ ငါ

တပ်မတော်သစ်ဖွဲ့စည်းမည့်ဆိုပါက လုပ်ငန်း အစဉ်အလာ ထရေးနည်းလမ်းမှန်ကန် လိမ့်မည်မဟုတ်သောကြောင့်၊ ဤသို့ဆောင်ရွက်လျက်ရှိသောလုပ်ငန်းအဝဝကိုအမြန်ဆုံးရပ်စဲလျက် အမည်မျှသာမဟုတ်ဘဲလက်တွေ့၌ အကောင် အထည်နှင့်တည်ရှိပြီးဖြစ်သော မျိုးချစ်မြန်မာတပ်မတော်နှင့် တိုင်းရင်းပျောက်ကြားတပ်များကိုသာ မူတည်၍မြန်မာပြည် တပ်မတော်သစ်ကိုဖွဲ့စည်းပေးရန်၊

(ခ) ယခုလက်ရှိ ဗြိတိသျှ လက်အောက်တွင်အမှုထမ်းဆောင်လျက်ရှိနေကြသော ဗမာတိုင်းရင်းသား စစ်မှုထမ်းများအား၊ အကောင်းပေါ့ဖွဲ့စည်းမည့် မြန်မာတပ်မတော် သစ်တွင်းသို့သိမ်းသွင်းဖွဲ့စည်းပေးရန်၊

(ဂ) ဖွဲ့စည်းမှု တွင် မြန်မာတပ်ရင်း-တိုင်းရင်းသားအသီးသီးတပ်ရင်းအစရှိသည်ဖြင့် ဖွဲ့စည်း၍ ၎င်းတပ်များတွင်၎င်း၊ တပ်ရင်းအသုက်တပ်ဖွဲ့များတွင်၎င်း၊ ဗမာတပ်မှုး တိုင်းရင်းသားတပ်မှုးများ ဗိုလ်များ အကြပ်များကိုခန့်ထားရန်၊

(ဃ) မြန်မာပြည်တပ်မတော်သစ်ဖွဲ့စည်းရာတွင် ဆေးစစ်ရေးကိစ္စ၊ ရာထူးအဆင့်အတန်းကိစ္စ၊စစ်ပညာသင်ကြားရေးကိစ္စ၊ တပ်မတော်သားများလခ အခွင့်အရေးများကိစ္စ၊ စစ်ဆိုက်ပြီးသူများအားခွင့်ပေးရန်ကိစ္စ၊ မြန်မာပြည် တပ်မတော်အတွင်း ဗြိတိသျှ မြန်မာစစ်တပ်နှင့်မျိုးချစ်မြန်မာတပ်တော် ဗိုလ်-အကြပ်များကို ခွဲဝေခန့်ထားရေး ကိစ္စအစရှိ

တို့အဆက်ရပြီး၊ မဟာမိတ်တွေနှင့် အဆက်ရနိုင် သရွေ့ရ အောင်လုပ်တယ်၊ ပြီးတော့ဘာနိုင်ငံခြားအဆက်မှ မရရ ရရ–ဂျပန်ဖက်ဆစ်များကို အပြန်ဆုံး တိုက်နိုင်အောင်စီမံ ပိုင်းခြင်းခဲ့တယ်၊ နောက်ဆုံးမတ်လ ၂၇ ရက်နေ့ကစပြီး တပြည်လုံးမှာ ကျူပ်တို့တပ်မတော်က ကြီးမှူးပြီး ဂျပန်ကို တော်လှန်ခဲ့တယ်။ ဆဲဒီအရင်က လဲ့ရိုးပြည်မှာရှိတဲ့အရင် ၁၉၃၆–ခုကျောင်းသားသပိတ်တုန်းက သပိတ်မှောက်အ ဖွဲ့ချုပ်လူကြီးတဦးဖြစ်ခဲ့တဲ့ ကိုညိုထွန်းက– ကမာဒ လုပ်လို့ဦးပညာထိပ်ဟာက ခေါင်းဆောင်ပြီး၊ ရခိုင်ပြည်အမျိုး သားများက မဟာမိတ်များ ပေးတဲ့လက်နက်များနဲ့ ဂျပန် ကိုပုန်ကန်ခဲ့ကြတယ်၊ ကျွန်တော်တို့ တိုင်းရင်းသားများဖြစ် တဲ့ကချင်တို့ချင်းတို့ကလည်း ဂျပန်ကိုတိုက်ခဲ့တယ်၊ ကရင်အ မျိုးသားများလဲ ဒီတိုင်းမှာ ပိုင်းခြင်းခဲ့တယ် နောက်ဆုံးသူ တို့ဟာ တောင်ငူနယ်မှာ အထူးသဖြင့် အောင်အောင်မြင်မြင် နှင့်ဂျပန်ကိုတိုက်ခိုက်ခဲ့ကြတယ်၊ ကျွန်တော်တို့တပ်မတော် မှာရှိတဲ့တရင်တပ်ရင်းကလဲ မြစ်ဝကျွန်းပေါ်အနောက်ပိုင်း ကိုတာဝန်ယူတိုက်ခဲ့တယ်၊ နောက် အထက် ဗမာပြည်မကွဲ လေးတပိုင်းမှာ ကွယ်လွန်သွားတဲ့ ဗိုလ်မှူးကြီးဗထူးကြီး မှူးပြီး၊ ကျူပ်တို့တပ်မတော်က ဂျပန်ကို တိုက်ခိုက်ခဲ့တယ်၊ ဗိုလ်မှူးကြီးဗထူးတိုက်ပေးတဲ့အတွက် မန္တလေး တိုက်ပွဲ ဟာ လျင်မြန်စွာအောင်မြင်ရမယ်ဆိုတာကို ပြောတုန်းကဗမာ ပြည်တိုက်ခိုက်ရေးကို ကြီးမှူးအုပ်ချုပ်ရတဲ့ မဟာမိတ်တပ်

